*ဘာသာစကားနှစ်မျိုးပြောတတ်ခြင်းသည်*
*တစ်မျိုးသာပြောတတ်ခြင်းထက် ပိုကောင်းသည်။*

## ဘာသာစကားနှစ်မျိုးပြောတတ်ခြင်းသည် ပြဿနာမဟုတ်၊ အဖိုးတန် အရည်အချင်းဖြစ်သည်။

ဒုတိယဘာသာစကားတစ်မျိုး စ,ပြောရန် သင်နေသောကလေးများသည် အမူအရာ အမျိုးမျိုးပြသနိုင်သည်။ အချို့က ဆိတ်ဆိတ်နေပြီး အချို့မှာ ပါဝင်ပြောဆိုရန် ငြင်းဆန်ကြသည်၊ ကျန်ကလေးများက ပိုမိုလျှင်မြန်စွာ ကျင့်သားရသွားသည်။ အင်္ဂလိပ်စကားကို ဒုတိယဘာသာစကားအဖြစ် သင်နေသောကလေးများသည် သူတို့၏ အင်္ဂလိပ်စကားက မြန်မြန် ထွက်မလာသောအခါ သူတို့မှာ 'ဘာသာစကားပြောဆိုခြင်းဆိုင်ရာ ပြဿနာများရှိသည်' ဟု လွဲမှားစွာ အကဲဖြတ်ခြင်း ခံရတတ်သည်။ *ဩစတြေးလျားနိုင်ငံတွင် ကြီးပြင်းပြီး ဩစတြေးလျားနိုင်ငံတွင် ကျောင်းနေသောကလေးများ အားလုံးသည် ကိုယ့်နှုန်းထားနှင့်ကိုယ် အင်္ဂလိပ်ဘာသာစကား သင်ကြားတတ်မြောက်ကြမည်သာဖြစ်သည်။*

## ဘာသာစကားနှစ်မျိုးပြောဆိုခြင်းသည် သင်ကြားလေ့လာရန် အခက်အခဲမဟုတ်၊ လေ့လာသင်ကြားမှု လုပ်ငန်းစဉ်တစ်ခုသာ ဖြစ်သည်။

မိဘများက သူတို့၏ကလေးများ သူငယ်တန်းမတက်ခင် အင်္ဂလိပ်စကားမပြောတတ်ပါက ပစ်ပယ်ခံရမည် သို့မဟုတ် အားနည်းချက်ဖြစ်သွားမည်ကို စိုးရိမ်ကြသည်။ အချို့အခြေအနေများတွင် မိဘများနှင့် ကလေးများမှာ အိမ်တွင် မိမိတို့ ပြောနေကျ ဘာသာစကားကိုမပြောရဘဲ အင်္ဂလိပ်စကားကိုသာပြောရန် တိုက်တွန်းလျှင် စိတ်ပျက်ကြသည်။ မူလတန်းကျောင်း အတော်များများသည် အင်္ဂလိပ်စကားမပြောသော နောက်ခံ (NESB) များမှလာသည့် ကလေးများအတွက် အင်္ဂလိပ်ဘာသာစကား ပံ့ပိုးမှုသင်တန်းများရှိနေသည်ကို မိဘများနှင့် ပညာသင်ကြားပေးသူများက မကြာခဏ သတိမမူဘဲ ဖြစ်တတ်သည်။ *ပညာသင်ကြားပေးသူများက မိမိတို့၏အစီအစဉ်များသည် အင်္ဂလိပ်စာသင်ကြားရင်း တစ်ပြိုင်တည်းမှာပင် မိမိတို့၏အိမ်တွင်ပြောနေကျ ဘာသာစကားကိုလည်း မပျောက်ပျက်ရအောင် ထိန်းသိမ်းရာတွင် အထောက်အကူပြုခြင်းကို မည်ကဲ့သို့ အောင်မြင်စွာ ဆောင်ရွက်နိုင်ကြောင်း ရှင်းပြခြင်းဖြင့် မိဘများ၏ စိတ်ပူပန်နေမှုကို ပြေပျောက်စေနိုင်ပါသည်။*

## အိမ်တွင်ပြောနေကျ ဘာသာစကားများသည် ရာသက်ပန် ကွယ်ပျောက်လိမ့်မည်။

ကလေးများသည် အင်္ဂလိပ်စကားသင်နေစဉ် မိမိတို့၏အိမ်တွင်ပြောနေကျ ဘာသာစကားကိုလည်း ပြောရန် အားပေး တိုက်တွန်းခြင်းမပြုပါက သူတို့အသက်ကြီးလာသည်နှင့်အမျှ အိမ်တွင်ပြောနေကျ ဘာသာစကား တတ်ကျွမ်းမှုလျော့ပါးခြင်း သို့မဟုတ် ပြောရန် လုံးဝဝန်လေးနေခြင်း ဖြစ်နိုင်ချေရှိသည်။ *ပညာသင်ကြားပေးသူများသည် ကလေးများနှင့် သူတို့၏ မိဘများကို ကလေးများ၏ ဘာသာစကားနှစ်မျိုး တတ်ကျွမ်းမှုအတွက် အားရကျေနပ်ခြင်းဖြစ်စေရန် ပညာသင်ကြားပေးသူများက အားပေးရန် အရေးကြီးပါသည်။*

## ဘာသာစကားများ လေ့လာသင်ကြားခြင်းသည် လူမှုရေးဆိုင်ရာ လုပ်ဆောင်ချက်တစ်ခုဖြစ်ပြီး မတူညီသော ယဉ်ကျေးမှု ပတ်ဝန်းကျင် အမျိုးမျိုးတွင် ဖြစ်ပေါ်ပါသည်။

ဘာသာစကား ခြားနားမှုရှိခြင်းအပေါ် ကျွန်ုပ်တို့တုန့်ပြန်မှုမှာ ကလေးများအားလုံး အထူးသဖြင့် အင်္ဂလိပ်စကားကို ဒုတိယဘာသာစကားအဖြစ် သင်ကြားနေသော ယဉ်ကျေးမှုအရနှင့် ဘာသာစကားအရ မတူကွဲပြားသောနောက်ခံ (CALD) မှလာသော ကလေးများအတွက် ရေရှည်အကျိုးသက်ရောက်မှုရှိနိုင်ပြီး အကယ်၍ ကလေးများနှင့် မိသားစုများက သူတို့၏ ဘာသာစကားနှင့် ယဉ်ကျေးမှုအပေါ် တုန့်ပြန်မှုသည် အဆိုးမြင်ဖြစ်နေလျှင် သို့မဟုတ် ထိထိရောက်ရောက် သူတို့ကို ပြောဆိုဆက်သွယ်ခြင်းမပြုလျှင် သူတို့သည် မိမိတို့အိမ်တွင်ပြောနေကျ ဘာသာစကားအတွက် အရှက်ရခြင်း သို့မဟုတ် ဆက်လက်ပြောဆိုရန် ငြင်းဆန်ခြင်း ဖြစ်လာနိုင်ပါသည်။

*ကလေးများ၏ ပညာသင်ကြားရာပတ်ဝန်းကျင်က ဘာသာစကားနှစ်ခု မတူညီခြင်းနှင့် ကွဲပြားခြားနားမှုရှိခြင်းကို ကောင်းမွန်စွာလက်ခံလျှင် ထို့အပြင် သူတို့ ဘာသာစကားနှစ်မျိုးပြောတတ်ခြင်းကို တက်ကြွစွာ အားပေးခြင်းပြုလျှင် ကလေးများသည် မိမိတို့မည်သူမည်ဝါဖြစ်သည်ဟု ခိုင်မာစွာခံယူပြီး စိတ်ချမ်းသာသုခရှိကြသည်။*

ETHNIC CHILD CARE, FAMILY AND COMMUNITY SERVICES CO-OPERATIVE LTD

Children's Services Central

ဤစာစောင်ကို လူမျိုးနွယ်စု ကလေးများစောင့်ရှောက်ရေး၊ မိသားစုနှင့် လူမှုအဖွဲ့အစည်းဆိုင်ရာ ဝန်ဆောင်မှုများ သမဝါယမ အသင်း လီမိတက် (ECCFCSC) က ယဉ်ကျေးမှုနှစ်မျိုး အားပေးခြင်း အစီအစဉ် (BSP) ၏ တစ်စိတ်တစ်ဒေသအဖြစ် ရေးသားထုတ်ပြန်ပါသည်။ BSP ကို ကလေးသူငယ်များ၏ ဝန်ဆောင်မှုများဆိုင်ရာ ဗဟိုဌာန (CSC) အတွက် ECCFCSC မှ တာဝန်ယူလုပ်ကိုင်ပါသည်။ CSC မှာ နယူးဆောက်ဝေးပြည်နယ်အတွင်း ပညာရပ်ပိုင်းဆိုင်ရာ ကူညီပံ့ပိုးမှုကို ညှိနှိုင်းပေးသည့်အဖွဲ့ဖြစ်ပြီး မိမိတို့နှင့်အတူတကွပါဝင်စေခြင်းနှင့် ပညာရပ်ပိုင်းဆိုင်ရာ ကူညီပံ့ပိုးခြင်း အစီအစဉ်အရ ဩစတြေးလျားနိုင်ငံအစိုးရက ရန်ပုံငွေ ထောက်ပံ့ပေးပါသည်။

Ethnic Child Care Family and Community Services Cooperative Ltd.
Building 3, 142 Addison Rd,
Marrickville, NSW, 2204
တယ်လီဖုန်း 02 9569 1288
ဖက်စ် 02 9550 9829
ဝက်ဘ်ဆိုက် www.eccfcsc.orrg
အီးမေးလ် coop@eccfcsc.org

**ကျေးဇူးတင်ရှိခြင်း**

ဒေါက်တာ ဂျုံးစ် ဒီးယာ့ဇ်၊ အဆင့်မြင့်ပါမောက္ခ၊ အနောက်ပိုင်းဆစ်ဒနီတက္ကသိုလ်

သက်ဆိုင်ပါဝင်ခြင်း၊ ဖြစ်ခြင်း၊ ဖြစ်လာခြင်း - စာပေသင်ကြားမှုဆိုင်ရာ ပုံစံချခြင်းများ (EYLF)

၂၀၀၉ ခုနှစ် ဩစတြေးလျားနိုင်ငံတော်အစိုးရအဖွဲ့

Burmese

# ဘာသာစကားနှစ်မျိုးပြောခြင်းနှင့် ဘာသာစကားများ သင်ယူခြင်း

*"ကလေးများ မိမိတို့အိမ်တွင်ပြောနေကျ ဘာသာစကား အသုံးပြုခြင်းသည် သူတို့ မည်သူမည်ဝါဖြစ်သည် ဟူသော အသိစိတ်နှင့် သူတို့၏ တွေးခေါ်ခြင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုကို ကျောထောက်နောက်ခံပြုသည်။ (EYLF ၂၀၀၉ ခုနှစ်)*



ဤစာစောင်ကို www.eccfcsc.org တွင် ဖွင့်ဖတ်နိုင်ပြီး အခြားသော လူမျိုးစုဆိုင်ရာ ဘာသာစကားများဖြင့်လည်း ရရှိနိုင်ပါသည်။

# ဘာသာစကားနှစ်မျိုးပြောသောကလေးများနှင့် ပြောဆိုဆက်ဆံနေသူများအတွက် လေးနက်သော အကြံဉာဏ်ပေးခြင်း

## ဘာသာစကားနှစ်မျိုး ပြောတတ်သူကို ကျွန်ုပ်တို့ မည်ကဲ့သို့ အဓိပ္ပါယ်ဖွင့်သနည်း?

ဘာသာစကားနှစ်မျိုး ပြောတတ်သူဆိုသည်မှာ ဘာသာစကားနှစ်မျိုးကို ကျွမ်းကျင်မှုအတိုင်းအတာတစ်ခုဖြင့် အသုံးပြုနိုင်သူကို ဆိုလိုပါသည်။ ဘာသာစကားနှစ်မျိုးပြောတတ်ခြင်းတွင် အဆင့်အနိမ့်အမြင့် အမျိုးမျိုးရှိနိုင်ပါသည်။

## ကလေးများသည် နည်းလမ်းနှစ်မျိုးဖြင့် ဘာသာစကားနှစ်မျိုး ပြောတတ်သူများ ဖြစ်လာနိုင်သည်။

**ဘာသာစကားနှစ်မျိုး တပြိုင်တည်း ပြောတတ်ခြင်း** - ကလေးသည် ဘာသာစကားနှစ်မျိုးကို တချိန်တည်း တပြိုင်တည်းမှာပင် သင်ကြားသည့်အခါ

**ဘာသာစကားနှစ်မျိုးကို တစ်ဆင့်ပြီးတစ်ဆင့် ပြောတတ်ခြင်း** - ကလေးသည် ဘာသာစကားတစ်မျိုးကို မူလကတည်းက ပြောတတ်နေပြီး နောက်ထပ် ဘာသာစကားတစ်မျိုးကို ပြောရန် သင်ကြားသည့်အခါ

ကလေးများအတွက် ဒုတိယဘာသာစကားကို လေ့လာသင်ကြားရာတွင် အထောက်အကူဖြစ်စေရန်အတွက် သူတို့၏ ပထမဘာသာစကား ပြောခြင်းကို ပံ့ပိုးပြီး ဖွံ့ဖြိုးတိုးတက်ဖို့ အားပေးရန် အလွန်အရေးကြီးပါသည်။ ဘာသာစကားအသစ်တစ်ခုသင်ကြားခြင်းသည် အချိန်ယူနိုင်ပြီး ကလေးမှာလည်း အချိန်ကာလတစ်ခု ဘာမျှမပြောဘဲ ဆိတ်ဆိတ်နေနိုင်ပါသည်။ ဤကဲ့သို့ 'ဆိတ်ဆိတ်နေသောကာလ' သည် ကလေးတစ်ယောက်နှင့်တစ်ယောက်မတူဘဲ ကွဲပြားခြားနားနိုင်ပါသည်။

***ဘာသာစကား တစ်မျိုးထက်ပိုပြီးသင်ယူနိုင်ခြင်းနှင့် ဆက်လက်ထိန်းသိမ်းနိုင်ခြင်းတို့၏ အရေးကြီးသော အကျိုးကျေးဇူးများကို မေးနေရန်ပင်မလိုပါ။ ဘာသာစကားနှစ်မျိုးပြောတတ်ခြင်း၏ အကျိုးကျေးဇူးများတွင် အောက်ဖော်ပြပါအချက်များ ပါဝင်ပါသည် -***

### အသိပညာရပ်ပိုင်း -

- ဘာသာစကားတစ်ခုကို မည်ကဲ့သို့အသုံးပြုကြောင်း နားလည်ခြင်း
- နောက်ထပ်ဘာသာစကားများ သင်ကြားနိုင်စွမ်းရှိခြင်း
- အခြားသော ပညာသင်ကြားရေးဆိုင်ရာ ကဏ္ဍများတွင် အသိပညာရပ်များအတွက် လေ့လာနိုင်သော စွမ်းရည်တိုးလာခြင်း

### လူမှုဆက်ဆံရေးအပိုင်း -

- ဘာသာစကားများ အမျိုးမျိုး ကွဲပြားခြားနားမှုရှိကြောင်း နားလည်ခြင်း
- စကားပြောဆိုရန်၊ စာဖတ်ရန်နှင့် စာရေးသားရန် နည်းလမ်း တစ်မျိုးထက်မက ရှိကြောင်း ကလေးအားလုံးက သိရှိနားလည်ခြင်း
- ကလေးများသည် ကွဲပြားခြားနားမှုဆိုသည်မှာ ရှိစမြဲဖြစ်သည့် မျိုးမတူ ကွဲပြားခြားနားသော၊ ပြဿနာမရှိ ပြေလည်စွာရှိကြသည့် လူမှုအဖွဲ့အစည်းတွင် ကြီးပြင်းလာကြခြင်း
- ကလေးများက အင်္ဂလိပ်စကားမပြောနိုင်သော မိသားစုဝင်များနှင့် အဆက်အသွယ်ပြုနိုင်ကာ ပေါင်းသင်းဆက်ဆံရေးကို ဆက်လက်ထိန်းသိမ်းသွားနိုင်ခြင်း

### ယဉ်ကျေးမှုအပိုင်း

- မိမိတို့ လူမျိုး၏ယဉ်ကျေးမှုနှင့် ဘာသာစကားအရ ရှိကြသော ရိုးရာအမွေအနှစ်များနှင့် မိမိတို့မည်သူမည်ဝါဆိုသည်ကို ဂုဏ်ယူခြင်းနှင့် မိမိကိုယ်မိမိ ယုံကြည်စိတ်ရှိခြင်း
- အရေးကြီးသော မိသားစုဆိုင်ရာနှင့် ယဉ်ကျေးမှုဆိုင်ရာ တန်ဖိုးများကို ဆက်လက်ထိန်းသိမ်းပြီး နောက်မျိုးဆက်သစ်များကို လက်ဆင့်ကမ်း မျှဝေပေးခြင်း

### စီးပွားရေးအပိုင်း -

- နောင် အနာဂါတ်အတွက် အလုပ်အကိုင်၊ ပညာသင်ကြားရေးနှင့် လူမှုဆက်ဆံရေးဆိုင်ရာ အခွင့်အလမ်းများ

## ဘာသာစကားနှစ်မျိုး ပြောတတ်သောကလေးများကို ကျွန်ုပ်တို့မည်ကဲ့သို့ ကူညီပံ့ပိုးနိုင်သလဲ?

- ဘာသာစကား၊ ယဉ်ကျေးမှု၊ မည်သူမည်ဝါဆိုသည့်အကြောင်းနှင့် ပညာရေးဆိုင်ရာတို့တွင် သင့်ကိုယ်ပိုင်ခံစားချက်များကို ထုတ်ဖော်ပါ။
- သင့်အစီအစဉ်တွင်ငှင်း၊ မိသားစုအားလုံးနှင့် ဆက်ဆံသည့်အခါတွင်ငှင်း၊ ဘာသာစကားနှစ်မျိုး ပြောတတ်ခြင်းအပေါ် ကောင်းသောအမြင်နှင့် ကူညီအားပေးသော ချဉ်းကပ်နည်းကို အသုံးပြုပါ။
- ကလေးတစ်ယောက်ခြင်းစီ၏ ဘာသာစကားနှင့် ယဉ်ကျေးမှုအကြောင်း လေ့လာပါ။
- သူတို့၏နာမည်များကို ပီပီသသ ပြောတတ်ခြင်းဖြင့် လေးစားမှုနှင့် စိတ်ဝင်စားမှုကိုပြသပါ။ (အကယ်၍ မသိလျှင် မေးပါ။)
- မသုံးမဖြစ်သုံးရန် ဘဝမှာ အရေးကြီးလိုအပ်သည့် စကားလုံးများ စာရင်းပြုစုပြီး ကျက်မှတ်ပါ။
- ဘာသာစကားနှစ်မျိုးလုံးဆိုင်ရာ မှီငြမ်းအသုံးပြုရမည့် ဝေါဟာရများကို စုဆောင်းပါ။ ထိုနောက် မိမိတို့၏ နေ့စဉ် အစီအစဉ်အတွင်း ထိုစကားလုံးများကို ထည့်သွင်းအသုံးပြုရန် ဆောင်ရွက်ပါ။
- ကလေးများပြောဆိုသော ဘာသာစကားများနှင့် စာပေများကို ကိုယ်စားပြုပြီး ရေးသားခြင်း၊ ပြောဆိုခြင်း၊ ကိန်းဂဏန်းပုံစံ အသုံးပြုခြင်း နည်းအမျိုးမျိုးဖြင့် အသုံးပြုပါ။
- ကလေးများအိမ်တွင် အသုံးပြုနေကျ ဘာသာစကားဖြင့် ပြောရန်အတွက် ဘာသာစကားနှစ်မျိုးပြောတတ်သော ဝန်ထမ်းများကို ခန့်ထားအသုံးပြုပါ။
- အင်္ဂလိပ်ဘာသာမှအပ အခြားဘာသာစကားများ ပြောတတ်သော ဝန်ထမ်းများကို အခြားသူများ (မိမိတို့အချင်းချင်း၊ ကလေးများနှင့် မိသားစုများ) နှင့်ပြောသည့်အခါတွင် ထိုဘာသာစကားများ အသုံးပြုစေရန် အားပေးပါ။
- ဘာသာစကားအမျိုးမျိုးကို နမူနာထားပြသပြီး တနေ့တာလုံး တသမတ်တည်း စဉ်ဆက်မပြတ် အသုံးပြုပါ။
- ဘာသာစကားနှစ်မျိုးပြောတတ်သော ကလေးများကို သူတို့ပြောနေကျ ဘာသာစကားများပြောဆို၍ ကစားစေပြီး အတူတကွ လေ့လာသင်ယူကြရန် အားပေးပါ၊ ကူညီပံ့ပိုးပါ။
- အိမ်တွင်ပြောနေကျ ဘာသာစကားကို ထိန်းသိမ်းခြင်း၏ အရေးကြီးပုံနှင့် ကလေးများ ဘာသာစကားနှစ်မျိုးကို အောင်မြင်စွာ ပြောတတ်နိုင်ကြောင်း မိဘများကို သိကောင်းစရာအချက်များ အသိပေးပါ။

